# The Market Watch

August –September 2017 Vol. 1 Issue 1

## Important Dates

**August 2017**

**04 Aug:** FMI ရှယ်ယာ အမြတ်ဝေစုခံစားခွင့်ရှိရန် နောက်ဆုံးဝယ်ယူ ရမည့်နေ့

**07-17 Aug:** FMI ရှယ်ယာ အရောင်းအဝယ် ရပ်ဆိုင်း ထားသည့်ကာလ

**08 Aug:** MTSH ရှယ်ယာ အမြတ်ဝေစုခံစားခွင့်ရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့

**14 Aug:** FMI အပိုဆု ရှယ်ယာများ ပေးဝေသည့်နေ့

**15 Aug:** FMI ရှယ်ယာအမြတ် ဝေစုထုတ်ပေးသည့်နေ့

**27 Aug:** FPB ကုမ္ပဏီ၏ နှစ်ပတ်လည် အထွေထွေ အစည်းအဝေး

**September 2017**

**09 Sep:** MTSH ကုမ္ပဏီ၏ နှစ်ပတ်လည် အထွေထွေ အစည်းအဝေး

**10 Sep:** YSX EXPO

## မြန်မာ နိုင်ငံ၏အရင်းအနှီးဈေးကွက်

ရန်ကုန်စတော့အိတ်ချိန်း (YSX) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် စတော့ရှယ်ယာ ရောင်းဝယ်မှုအား ပထမဆုံး စာရင်းဝင် ကုမ္ပဏီဖြစ်သည့် First Myanmar Investment Co., Ltd. (FMI) ဖြင့်စတင်ခဲ့ပါသည်။ စတော့ရှယ်ယာ ရောင်းဝယ်မှုများ စတင်ပြီး တစ်နှစ်ခွဲကျော်အတွင်း ဒုတိယမြောက်စာရင်းဝင်ကုမ္ပဏီအဖြစ် Myanmar Thilawa SEZ Holdings Public Ltd. (MTSH)၊ တတိယမြောက်အဖြစ် Myanmar Citizens Bank Ltd. (MCB) နှင့် စတုတ္ထမြောက်အဖြစ် First Private Bank Ltd. (FPB) တို့၏ အစုရှယ်ယာရောင်းဝယ်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်စတော့အိတ်ချိန်း စတော့ရှယ်ယာ ရောင်းဝယ်မှုများ စတင်သည့်အချိန်မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ အကုန်အထိ စတော့ရှယ်ယာရောင်းဝယ်မှုစုစုပေါင်းတန်ဖိုးမှာ မြန်မာကျပ်ငွေ ၉၃.၂၁ ဘီလီယံကျပ်ကျော် (အမေရိကန်ဒေါ်လာ ၆၉.၀၅ မီလီယံဝန်းကျင်ခန့်) ဖြစ်ပါသည်။

| March 2016 to July 2017 | Total Volume | Total Value (MMK) |
|---|---|---|
| FMI | 1,797,591 | 49,984,675,500 |
| MTSH | 7,393,249 | 36,511,502,100 |
| MCB | 210,907 | 1,949,422,300 |
| FPB | 158,443 | 4,765,738,000 |
| **Total** | **9,560,190** | **93,211,337,900** |

၂၀၁၆ မတ်လ မှ ၂၀၁၇ ဇူလိုင်လအထိ စုစုပေါင်းအရောင်းအဝယ်ဖြစ်သည့် ရှယ်ယာအစုရေ နှင့် တန်ဖိုးများ

## ရန်ကုန်စတော့ အိတ်ချိန်းစာ ရင်းဝင် အများပိုင်ကုမ္ပဏီများအတွက်ဝင်ငွေခွန်သက်သာ ခွင့်

မြန်မာနိုင်ငံ၏အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အခွန်အကောက်ဥပဒေ ပုဒ်မ (၃၁) အရ ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ထမ်းဆောင်ရန်ရှိသည့် ဝင်ငွေခွန်အား သက်သာခွင့်များမနုတ်မီ အသားတင်အမြတ်ဝင်ငွေပေါ် ၂၀ ရာခိုင်နှုန်းဖြင့် အခွန်ထမ်းဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၇ အရ ထုတ်ပြန်လိုက်ပါသည်။

ထို့အပြင်စာရင်းဝင်ကုမ္ပဏီများအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ်များအတွက် ဝင်ငွေခွန်အပြည့်အဝထမ်းဆောင်ရန် ပျက်ကွက်မှုရှိခဲ့ပါက ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် ၂နှစ် အတွက် ဝင်ငွေခွန်အမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ခွင့်နှင့် ဝင်ငွေခွန်ဥပဒေအရ ဒဏ်တပ်ရိုက်ခြင်းနှင့် တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ပြုကြောင်းကိုလည်း အမိန့်ထုတ်ပြန်ခဲ့ပါသည်။

Ref: Yangon Stock Exchange

# KBZSC Highlights

## စင်ကာပူအခြေစိုက် The Asian Banker မှ ချီးမြှင့်သည့် The Best Securities Trading System Implementation in Financial Markets Technology ဆု KBZSC Securities ကုမ္ပဏီရရှိ

KBZ Stirling Coleman Securities Co., Ltd. သည် စင်ကာပူအခြေစိုက် "The Asian Banker" အဖွဲ့အစည်းမှ ချီးမြှင့်သည့် "The Best Securities Trading System Implementation in Financial Markets Technology" ဆုကို ၂၀၁၇ ခုနှစ်၊ ဇွန်လတွင်ရရှိခဲ့ပါသည်။ KBZSC Securities Co., Ltd. သည် Tata Consultancy Services (TCS) နှင့် ပူးတွဲ၍ Yangon Stock Exchange (YSX) တွင် စတော့ရှယ်ယာရောင်းဝယ်နိုင်သည့် Integrated Trading Platform ကို အချိန်တိုကာလအတွင်း အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ပြီး စတော့ရှယ်ယာရောင်းဝယ်မှုအတွက် အထောက်အကူ ဖြစ်စေမည့် Internet Trading Platform နှင့် Mobile Application များကိုလည်း ပံ့ပိုးပေးနိုင်ခဲ့ပါသည်။




## YSX Listed Companies Review ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများကိုသုံးသပ်ခြင်း

| Aug'16 - Jul'17 | FMI | MTSH | MCB | FPB |
|---|---|---|---|---|
| **12 Month High** | 21,000 | 5,200 | 12,000 | 34,000 |
| **12 Month Low** | 13,500 | 3,700 | 7,600 | 24,000 |
| **12 Month Volume** | 537,174 | 4,249,719 | 210,907 | 158,443 |
| **Earnings per Share (EPS)** | 518 | 553 | 561 | 2,619 |
| **Price-Earnings Ratio (PER)** | 26 | 6.9 | 15.3 | 8.6 |
| **Dividend Amount** | 100 | 260 | 300 | 2,000 |
| **Dividend Yield *** | 0.67% | 6.58% | 3.41% | 8.33% |
| **Total Outstanding Shares** | 23,480,013 ** | 38,929,150 | 10,400,986 | 2,472,053 |
| **Free Float** | 25% | >55% | 15% | 86% |
| **YSX Listed Date** | March 25, 2016 | May 20, 2016 | August 26, 2016 | January 20, 2017 |

* ၂၀၁၇၊ ဇူလိုင်လ ၃၁ ရက်နေ့ အပိတ်ဈေးများဖြင့်တွက်ချက်ထားပါသည်။

** ၂၀၁၇၊ ဩဂုတ်လ ၁၄ ရက်နေ့ တွင် FMI ကုမ္ပဏီသည် အပိုဆုအစုရှယ်ယာ စုစုပေါင်း 2,345,063 စု အားထုတ်ဝေခဲ့သဖြင့် လက်ရှိ ထုတ်ဝေပြီးသော အစုရှယ်ယာစုစုပေါင်းမှာ 25,825,076 စု ဖြစ်ပါသည်။

## MYANPIX ရန်ကုန်စတော့အိတ်ချိန်းအညွှန်းကိန်း (Mar'16-Jul'17)

| Index Name | High | Low | Trading Volume | No. of Listed Companies |
|---|---|---|---|---|
| MYANPIX | 1322.58 | 524.40 | 5,726,460 | 4 |

**ပဟေဠိ (၁)**

စတော့ A ၏ ယနေ့ကြမ်းခင်းဈေးသည် ၉,၈၀၀ ကျပ်ဖြစ်သည်။ ယနေ့အတွက် ၎င်းစတော့၏ အနိမ့်ဆုံးဖြစ်နိုင်ခြေဈေးနှင့် အမြင့်ဆုံးဖြစ်နိုင်ခြေဈေးများမှာ -

A. အနိမ့် - ၈,၅၀၀ ကျပ် ၊ အမြင့် - ၁၀,၅၀၀ ကျပ်

B. အနိမ့် - ၈,၈၀၀ ကျပ် ၊ အမြင့် - ၁၀,၈၀၀ ကျပ်

C. အနိမ့် - ၈,၈၀၀ ကျပ် ၊ အမြင့် - ၁၁,၀၀၀ ကျပ်

D. အနိမ့် - ၈,၅၀၀ ကျပ် ၊ အမြင့် - ၁၀,၃၀၀ ကျပ်

၁ ။ ရှေ့ဆက်

## First Myanmar Investment Co., Ltd. (FMI)

FMI ကုမ္ပဏီသည် ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာ (၁၀)စု ပိုင်ဆိုင်ထားသော အစုရှယ်ယာရှင်များအား အပိုစုရှယ်ယာ bonus share (၁) စုထုတ်ပေးခြင်းအပြင် မူရင်းရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ် ၁၀၀/- ထုတ်ပေးပါသည်။ FMI ကုမ္ပဏီ ၅၁ ရာခိုင်နှုန်းပိုင်ဆိုင်သော ရိုးမဘဏ်နှင့် ၆၀ ရာခိုင်နှုန်းပိုင်ဆိုင်သော Pun Hlaing Siloam ဆေးရုံတို့မှ ယခင်ထက် ဝင်ငွေများတိုးတက်မှုအားကောင်းလာခြင်း၊ non-operating gain အဖြစ် ကျပ် ၂.၆ ဘီလီယံခန့် asset capitalization တိုးလာခြင်းတို့အပြင် ၃၀ ရာခိုင်နှုန်းပိုင်ဆိုင်သော Thanlyin Estate Development မှ tax reversal အဖြစ် ကျပ် ၄ ဘီလီယံ ပြန်လည်ပေါ်ပေါက်လာခြင်းတို့သည် FMI ၏ ၂၀၁၇ ခုနှစ်ရလဒ်များ ကောင်းမွန်ရခြင်းအား အထောက်အပံ့ဖြစ်စေပါသည်။ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် non-operating income သည် ယခုနှစ်ကဲ့သို့ပင်သိသာထင်ရှားသော ပမာဏအဖြစ် ရှိနေမည့်အပြင် ရိုးမဘဏ်၏ အားကောင်းသောလုပ်ဆောင်မှုများကြောင့် FMI ၏ ဝင်ငွေ (quality of earnings) သည် ဆက်လက်တိုးတက်နေမည်ဖြစ်ပါသည်။




## Myanmar Thilawa SEZ Holdings Public Ltd. (MTSH)

MTSH ကုမ္ပဏီ၏ ၄၁ ရာခိုင်နှုန်းပိုင်သော MJTD သည် Zone A စီမံကိန်းမှ မြေ ၉၅% နှင့် Zone B စီမံကိန်း အပိုင်း(၁) မှ ၂၀% ရောင်းပြီးဖြစ်ပါသည်။ MTSH မှ ယခုလတ်တလောတွင် Zone A မှ Residential နှင့် Commercial အတွက်အသုံးပြုမည့် မြေရာထားချက်အား ပြန်လည်သုံးသပ်လျက်ရှိပါသည်။ ယခုလက်ရှိတွင် အိမ်ခြံမြေဈေးကွက်မှာ အေးနေသောကြောင့် MTSH သည် မြေများကို non-residential မြေအဖြစ်ပိုမိုခွဲဝေ အသုံးပြုနိုင်ခြေရှိသည်။ MTSH ကုမ္ပဏီသည် ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ် ၂၆၀/- ထုတ်ပေးမည်ဖြစ်ပါသည်။ MTSH ရှယ်ယာဈေးနှုန်းသည် အခြားနိုင်ငံမှ လုပ်ငန်းတူကုမ္ပဏီများ၏ အစုရှယ်ယာတန်ဖိုးထက် ၇၀% (6.9x PE) လျော့၍ သက်သာစွာအရောင်းအဝယ်ပြုလုပ်နေပြီး အမြတ်ဝေစုအချိုးမှာလည်း အားရဖွယ် ၆% ကျော် ပြန်ပေးနေခြင်းကြောင့် ဝယ်ယူရန်သင့်လျော်သောရှယ်ယာဟု ယူဆနိုင်ပါသည်။




**ပဟေဠိ (၂)**

အမှာလွှာတစ်ခုသည် သောကြာနေ့ ၁၄ ရက်နေ့တွင်အရောင်းအဝယ်ဖြစ်သည်။ အင်္ဂါနေ့ ၁၈ ရက်နေ့သည် ရုံးပိတ်ရက်ဖြစ်သည်။ ၎င်းအမှာလွှာ၏ ငွေစာရင်းရှင်းသည့်နေ့ (Settlement Date) သည် မည်သည့်နေ့ဖြစ်မည်နည်း။

A. ဗုဒ္ဓဟူးနေ့ ၁၉ ရက်နေ့

B. သောကြာနေ့ ၂၁ ရက်နေ့

C. တနင်္လာနေ့ ၁၇ ရက်နေ့

D. ကြာသပတေး ၂၀ ရက်နေ့

ဖြေ ။ D

## Myanmar Citizens Bank Ltd. (MCB)

မြန်မာနိုင်ငံသားများဘဏ်သည် ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဘဏ်ခွဲအသစ် ၅ ခုအားဖွင့်လှစ်နိုင်ခဲ့ပြီး ယခုလက်ရှိဘဏ်ခွဲပေါင်း ၂၃ ဘဏ်ဖြင့်လည်ပတ်နေပါသည်။ ၂၀၁၇ ဘဏ္ဍာနှစ်၏ အမြတ်ဝင်ငွေ ၃.၄၅ ဘီလီယံကျပ် မှ ၃.၁၂ ဘီလီယံအား ရှယ်ယာရှင်များအတွက် အမြတ်ဝေစု (Dividend) အမြတ်ထုတ်ဝေပေးခဲ့ပါသည်။ MCB ရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ၃၀၀ ကျပ်အား ၂၀၁၇ ခုနှစ် ဇူလိုင်လတွင်ရှယ်ယာရှင်များသို့ပေးအပ်ခဲ့ပါသည်။




## First Private Bank Ltd. (FPB)

ပထမပုဂ္ဂလိကဘဏ်သည် ယခုလက်ရှိဘဏ်ခွဲပေါင်း ၃၂ ဘဏ်ဖြင့်လည်ပတ်နေပြီး ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အသားတင်အမြတ်မှာ ၈.၆၃၂ ဘီလီယံကျပ်ဖြစ်ပြီး အမြတ်ခွဲဝေမှုမှာ ၄.၉၄၄ ဘီလီယံကျပ်ဖြစ်ပါသည်။ FPB ရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ၂၀၀၀ ကျပ်အားပေးဝေခဲ့ပါသည်။ ၂၀၁၇ ဘဏ္ဍာနှစ်တွင် ယခင်နှစ်ထက် ဘဏ်အပ်ငွေစုစုပေါင်း ၉.၆၆% တိုးတက်ခဲ့ပြီး စုစုပေါင်းချေးငွေမှာလည်း ၁၀.၃၇% တိုးတက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ် သည် မိုဘိုင်းဘဏ်ဝန်ဆောင်မှုများဆောင်ရွက်ရန် Mykyat မိုဘိုင်းဘဏ်လုပ်ငန်းနှင့် Myanmar Post Office (MPO) တို့ ပူးပေါင်းစာချုပ်ချုပ်ဆိုခဲ့ပါသည်။ Mykyat မိုဘိုင်းဘဏ်လုပ်ငန်းကို ပထမပုဂ္ဂလိကဘဏ်ခွဲများနှင့် ဘဏ်မှခန့်အပ်ထားသည့် ကိုယ်စားလှယ် (Agent) ၂၈၅ ဦးမှ တစ်ဆင့်ဝန်ဆောင်မှုများပေးနေပါသည်။




**ပဟေဠိ (၃)**

စတော့ XYZ ၏လက်ရှိကြမ်းခင်းဈေးသည် ၃၀,၀၀၀ ကျပ်ဖြစ်ပြီး အနိမ့်ဆုံးဖြစ်နိုင်ခြေဈေးနှင့် အမြင့်ဆုံးဖြစ်နိုင်ခြေဈေးတို့မှာ ၂၅,၀၀၀ ကျပ် နှင့် ၃၅,၀၀၀ ကျပ်တို့ဖြစ်ကြပါသည်။ အရောင်းအဝယ်လုပ်သူသည် Market Order ဖြင့်အဝယ်အော်ဒါတင်ပါက လက်ရှိဈေးကန့်သတ်ချက်အရ မည်သည့်ဈေးအထိ အများဆုံးပေးဝယ်နိုင်သနည်း။

A. ၂၅,၀၀၀ ကျပ်

B. ၃၅,၀၀၀ ကျပ်

C. ၃၀,၀၀၀ ကျပ်

D. မည်သည့်အထက်ဈေးနှုန်းမှမဟုတ်

ဃ ။ ဖြေ

# YSX Trading Procedures

### Limit Order နှင့်
### Market Order

Limit Order ဆိုသည်မှာ ရှယ်ယာ တစ်စုအား မိမိကြိုက်နှစ်သက်သည့်ဈေး သတ်မှတ်ပြီး ရန်ကုန်စတော့အိတ်ချိန်းသို့ အရောင်း / အဝယ် အမှာလွှာ တင်ခြင်း ဖြစ်ပါသည်။

Market Order ဆိုသည်မှာ ရှယ်ယာတစ်စုအား ဈေးကန့်သတ်ခြင်း မရှိပဲ ရန်ကုန်စတော့အိတ်ချိန်း၏ ရှယ်ယာများအတွက်နေ့စဉ် သတ်မှတ်ထားသည့် Price Limit အတွင်း မည်သည့်ပေါက်ဈေးနှင့်မဆို အရောင်း / အဝယ် အမှာလွှာ တင်ခြင်းဖြစ်ပါသည်။

မှတ်ချက် :-

Market Order ဖြင့် အရောင်း / အဝယ် အမှာလွှာတင်ပါက မိမိမျှော်မှန်းထား သည့်ဈေးများဖြင့်လည်း အရောင်း / အဝယ် ဖြစ်နိုင်ပါသည်။ Market Order ဖြင့် အဝယ်အော်ဒါတင်ပါက အများဆုံး အဝယ်အော်ဒါ တင်နိုင်သည့် အစုအရေ အတွက်အား ထိုအစုရှယ်ယာအတွက်နေ့တစ်နေ့၏ အမြင့်ဆုံးဖြစ်နိုင်ခြေဈေး (Upper Limit) ဖြင့်တွက်ချက်ပါသည်။

--------------------------------

### Tick Size (တစ်ချက်ခုန်ဈေးနှုန်း)

Tick size ဆိုသည်မှာ ရှယ်ယာတန်ဖိုး၏ တစ်နေ့တာ အမြင့်ဆုံးဖြစ်နိုင်ခြေဈေး နှင့် အနိမ့်ဆုံးဖြစ်နိုင်ခြေဈေးကြား ရှယ်ယာတစ်ခု၏ တစ်ချက်ခုန်နှုန်းဖြစ်ပါသည်။

| Base Price | | Tick Size |
|---|---|---|
| Above | Up to | |
| 1,000 | 4,000 | 50 |
| 4,000 | 10,000 | 100 |
| 10,000 | 40,000 | 500 |

## စတော့ရှယ်ယာ ဈေးကွက်၏ အခြေခံသဘောတရားများ

### Earnings per Share (EPS) ဆိုသည်မှာ...

EPS သည်ရှယ်ယာတစ်စု၏ ဝင်ငွေကိုပြသောအညွှန်းကိန်းဖြစ်ပါသည်။

**EPS** = အသားတင်အမြတ်ဝင်ငွေ / ထုတ်ဝေပြီးသော ရှယ်ယာစုစုပေါင်း

ဥပမာ ကုမ္ပဏီတစ်ခုသည် ဘဏ္ဍာရေးနှစ်တစ်နှစ်တွင် အသားတင်ဝင်ငွေ ၁၀၀၀ ကျပ်ရရှိခဲ့ပြီး ထုတ်ဝေပြီးသောသာမန်ရှယ်ယာ(Ordinary Share)ပေါင်း ၁၀ စုရှိပါက ထိုကုမ္ပဏီ၏ EPS ကိုတွက်ချက်ရာတွင်

EPS = ၁၀၀၀ ကျပ် / ၁၀ စု = ၁၀၀ ကျပ် ဖြစ်ပါသည်။

အထက်ပါဥပမာအရ ကုမ္ပဏီ၏ရှယ်ယာတစ်စု၏ဝင်ငွေမှာ ၁၀၀ ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် EPS သည်ရှယ်ယာတစ်စောင်အပေါ်တွင် ရရှိသောအမြတ်အစွန်းကို ပြသော အညွှန်းကိန်းတစ်ခုဖြစ်ပါသည်။

-------------------------------------------------

### Price-Earnings Ratio (PE ratio) ဆိုသည်မှာ...

PE ratio ဆိုသည်မှာ ကုမ္ပဏီ၏ရှယ်ယာတစ်စုအပေါ် ဈေးကွက်၏ စိတ်အားထက်သန်မှုကို ပြသောအညွှန်းကိန်းဖြစ်ပြီး ရှယ်ယာတစ်စု၏ဝင်ငွေနှင့် ဈေးကွက်ပေါက်ဈေး အချိုးဖြစ်ပါသည်။

**PE ratio** = ရှယ်ယာတစ်စု၏ ဈေးကွက်ပေါက်ဈေး / ရှယ်ယာတစ်စု၏ ဝင်ငွေ

ဥပမာကုမ္ပဏီတစ်ခု၏ လက်ရှိရှယ်ယာတစ်စုဈေးကွက်ပေါက်ဈေးသည် ၁၀၀၀ ကျပ်ဖြစ်ပြီး ရှယ်ယာတစ်စု၏ဝင်ငွေသည် ၁၀၀ ကျပ်ဖြစ်ပါကထိုကုမ္ပဏီ၏

PE ratio = ၁၀၀၀ ကျပ် / ၁၀၀ ကျပ် = ၁၀ ဆ ဖြစ်ပါသည်။

၁၀ ဆဆိုသည်မှာရင်းနှီးမြှုပ်နှံသူများက ၁၀၀ ကျပ်ဝင်ငွေရှိသောရှယ်ယာ၏ ၁၀ ဆ ဖြစ်သော ၁၀၀၀ ကျပ်အထိ ထိုရှယ်ယာအား ပေးဝယ်လိုသော ဈေးကွက်၏ စိတ်အားထက်သန်မှုကိုပြသခြင်း ဖြစ်ပါသည်။

ယေဘုယအားဖြင့် ဈေးကွက် (industry) တူညီသောကုမ္ပဏီများ၏ တန်ဖိုးများကိုနှိုင်းယှဉ်တွက်ချက်ရာတွင် PE ratio ကိုအသုံးပြုလေ့ရှိသည်။

**ပဟေဠိ (၄)**

စတော့ XYZ ၏ကြမ်းခင်းဈေးသည် ၃,၇၀၀ ကျပ်ဖြစ်ပြီး အနိမ့်ဆုံးဖြစ်နိုင်ခြေဈေးနှင့် အမြင့်ဆုံးဖြစ်နိုင်ခြေဈေးတို့မှာ ၃,၂၀၀ ကျပ်နှင့် ၄,၂၀၀ ကျပ်တို့ ဖြစ်ကြသည်။ အောက်ဖော်ပြပါဈေးနှုန်းများထဲက မည်သည့်ဈေးနှုန်းများတွင်အဝယ်အော်ဒါ သို့မဟုတ် အရောင်းအော်ဒါ တင်နိုင်သနည်း။

A. ၃,၆၈၀ ကျပ်　　　　B. ၄,၀၅၀ ကျပ်

C. ၃,၉၀၀ ကျပ်　　　　D. B နှင့် C

၁ ။ ၅ြဇ

## YSX Trading Procedures

### Price-Time Priority
### (ဈေးနှုန်း - အချိန် ဦးစားပေးမှု)

Price–Time Priority ဆိုသည်မှာ ဈေးနှုန်း နှင့် အချိန်အရ YSX Order Book တွင် အရောင်း/အဝယ် အစီအစဉ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

အမှာလွှာတင်ရာတွင် အရောင်း/အဝယ် ဖြစ်ရန်အတွက် ရှယ်ယာဈေးနှုန်း သည် ပထမဦးစားပေးဖြစ်ပြီး၊ အမှာလွှာတင်သည့် အချိန်သည် ဒုတိယဦးစားပေး ဖြစ်ပါသည်။

ဥပမာ - Matching ပြုလုပ်ရာတွင် အဝယ်အော်ဒါများထဲမှ ဈေးအမြင့်ဆုံးပေးသည့်အော်ဒါများအား ပထမဦးစားပေးပြီး အရောင်းအော်ဒါများထဲမှ ဈေးအနိမ့်ဆုံး ဖြင့် အရောင်းတင်သည့် အော်ဒါများကို ပထမဦးစားပေးပါသည်။ ဈေးတူပေးသည့် အော်ဒါများတွင်အချိန်အစောဆုံးတင်သည့် အော်ဒါအား ဦးစားပေးပါသည်။

---------------------------------

### Daily Price Limit
### (နေ့စဉ်ဈေးကန့်သတ်ချက်)

စတော့ရှယ်ယာဈေးနှုန်းများ မတည်ငြိမ်မှုကို ကာကွယ်နိုင်ရန် ရန်ကုန်စတော့အိတ်ချိန်းတွင် နေ့စဉ်ဈေးနှုန်းကန့်သတ်ထားခြင်း ဖြစ်ပါ သည်။ တစ်နေ့အတွက် အမြင့်ဆုံးဖြစ်နိုင်ခြေဈေးနှင့် အနိမ့်ဆုံးဖြစ်နိုင်ခြေဈေးသည် အဖွင့်ဈေး (ကြမ်းခင်းဈေး) ပေါ် မူတည်၍ အရောင်းအဝယ် စည်းမျည်းစည်းကမ်းတွင် သတ်မှတ်ထားသော အတိုင်း ဖြစ်သည်။

| Base Price | | Price Limit (+/-) |
|---|---|---|
| From | Below | |
| 4,000 | 10,000 | 1,000 |
| 10,000 | 20,000 | 2,500 |
| 20,000 | 40,000 | 5,000 |

## စတော့ရှယ်ယာ ဈေးကွက်၏ အခြေခံသဘော တရားများ

### Dividend Yield ဆိုသည်မှာ...

Dividend Yield ဆိုသည်မှာ ရှယ်ယာတစ်စု၏ မိမိဝယ်ရင်းတန်ဖိုးနှင့် တစ်နှစ်စာအတွက်ပေးသည့် အမြတ်ဝေစု၏ အချိုးဖြစ်ပါသည်။ Dividend Yield ကိုကြည့်ခြင်းအားဖြင့် မိမိရင်းနှီးမြှုပ်နှံထားသည့် ရှယ်ယာ၏ တစ်နှစ်တာအတွက်ရသည့် အကျိုးအမြတ်ရာခိုင်နှုန်းအားသိရှိနိုင်ပါသည်။

**Dividend Yield =** ရှယ်ယာတစ်စု၏ တစ်နှစ်တာအတွက်အမြတ်ဝေစု /
ရှယ်ယာတစ်စု၏ ဝယ်ရင်းတန်ဖိုး

ဥပမာ ကုမ္ပဏီတစ်ခု၏ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အမြတ်ဝေစုမှာ ရှယ်ယာတစ်စုကို ၁၀၀ ကျပ်ဖြစ်ပြီး ထိုရှယ်ယာတစ်စု၏ ဝယ်ရင်းတန်ဖိုးမှာ ၁၀၀၀ ကျပ်ဖြစ်ပါက ထိုရှယ်ယာ၏

Dividend Yield = ၁၀၀ ကျပ် / ၁၀၀၀ ကျပ် = ၁၀% ဖြစ်ပါသည်။

-------------------------------------------------

### Market Capitalization ဆိုသည်မှာ

Market Capitalization ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ လက်ရှိအများပြည်သူသို့ ထုတ်ဝေထားသောရှယ်ယာများ၏ ငွေကျပ်တန်ဖိုးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဈေးကွက်တွင် Market Cap ကိုကြည့်ခြင်းအားဖြင့် ကုမ္ပဏီအရွယ်အစားများကို နှိုင်းယှဉ်နိုင်ပါသည်။ ကုမ္ပဏီအရွယ်အစားများကို နှိုင်းယှဉ်ခြင်းဖြင့် ကုမ္ပဏီများ၏ တိုးတက်မှုနှုန်း နှင့် ဆုံးရှုံးနိုင်ခြေများကိုလည်း လေ့လာနိုင်ပါသည်။

**Market Cap =** အများပြည်သူသို့ထုတ်ဝေထားသောရှယ်ယာစုစုပေါင်း
× လက်ရှိရှယ်ယာတစ်စု၏ပေါက်ဈေး

| | Outstanding Shares | Price (MMK)* | Market Cap (MMK '000,000) |
|---|---|---|---|
| FMI | 25,825,076 | 13,500 | 348,638.53 |
| MTSH | 38,929,150 | 3,550 | 138,198.48 |
| MCB | 10,400,986 | 8,800 | 91,528.68 |
| FPB | 2,472,053 | 23,000 | 56,857.22 |

* ၂၀၁၇၊ ဩဂုတ်လ ၁၅ရက်နေ့ အပိတ်ဈေးများဖြင့်တွက်ချက်ထားပါသည်။

**ပဟေဠိ (၅)**

အောက်ဖေါ်ပြပါ အရောင်းအမှာလွှာ၏ ဈေးနှုန်းနှင့်အချိန်များထဲက မည်သည့်အော်ဒါသည်အရောင်းအဝယ် အရင်ဆုံးဖြစ်နိုင်သနည်း။

A. ဈေးနှုန်း - ၁၀,၀၀၀ ကျပ် ၊ အချိန် - ၁၀:၀၀ နာရီ
B. ဈေးနှုန်း - ၁၂,၀၀၀ ကျပ် ၊ အချိန် - ၉:၅၀ နာရီ
C. ဈေးနှုန်း - ၁၂,၀၀၀ ကျပ် ၊ အချိန် - ၁၀:၀၅ နာရီ
D. ဈေးနှုန်း - ၁၀,၀၀၀ ကျပ် ၊ အချိန် - ၉:၅၅ နာရီ

ဖြေ ။ D

# Equity Capital Markets at KBZ Stirling Coleman Securities

Equity Capital Markets (ECM) ဌာနသည် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ရင်းနှီးမြှုပ်နှံမှုအကြံပေးခြင်းနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုရှာဖွေပေးခြင်း ဝန်ဆောင်မှုများဆောင်ရွက်လျက်ရှိပါသည်။ အများပြည်သူထံမှ (တစ်ဦးတစ်ယောက်ခြင်းဖြစ်စေ၊ အဖွဲ့အစည်းနှင့်ဖြစ်စေ) ငွေကြေးရင်းနှီးမြှုပ်နှံမှုများရှာဖွေပေးရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင် (Underwriter License) အားရရှိထားပါသည်။

## အဓိက ဝန်ဆောင်မှုများ

### အကြံပေးခြင်း

• ပူးတွဲလုပ်ဆောင်ရှယ်ယာရယူခြင်း (Mergers & Acquisitions) နှင့် ဘဏ္ဍာရေးဆိုင်ရာအကြံပေးခြင်း (Financial Advisory)

### ငွေကြေးရင်းနှီးမြှုပ်နှံမှုရှာဖွေပေးခြင်း

• အများပြည်သူသို့ ကနဦးရှယ်ယာရောင်းချခြင်း (သို့) ရှယ်ယာရောင်းချခြင်းဖြင့် ကုမ္ပဏီများအတွက် လိုအပ်သော ငွေကြေးရင်းနှီးမြှုပ်နှံမှုရှာဖွေပေးခြင်း

### ပူးတွဲလုပ်ဆောင်ရှယ်ယာရယူခြင်း

• အကျိုးအမြတ် အများဆုံးရရန်အတွက် ကုမ္ပဏီအားမည်သို့ ဝယ်ယူ/ရောင်းချသင့်ကြောင်းအကြံပေးခြင်း

• **ဥပမာ။** ရောင်းရငွေကျပ် ၄၀ ဘီလီယံရှိသော ကုန်ထုတ်လုပ်ငန်း ကုမ္ပဏီတစ်ခုမှ KBZSC သို့လာရောက်၍ အကြံဉာဏ်တောင်းခံ ခြင်း။

• **လုပ်ဆောင်ချက်။** တိုးတက်မှုအခြေအနေပေါ်တွင် ကုမ္ပဏီ၏တန်ဖိုးတစ်ခုအား သဘောတူသတ်မှတ်ပြီး ကုမ္ပဏီ၏ တိုးချဲ့လုပ်ငန်းများအတွက် ငွေဖြင့်လည်ကောင်း၊ နည်းပညာဖြင့်လည်းကောင်း အကျိုးတူပူပေါင်းဆောင်ရွက်မည့် ပါတနာရှာဖွေပေးခြင်း။

### ကနဦးရှယ်ယာရောင်းချခြင်း

• ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းခြင်းဖြင့် မတည်ငွေ အမြောက်အများ ရရှိစေရန် ရှာဖွေပေးခြင်း

• **ဥပမာ။** ရောင်းရငွေ ၂၀ ဘီလီယံရှိသော စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီတစ်ခုမှ မတည်ငွေ မြန်မာငွေ ၅ ဘီလီယံ ရှာဖွေလိုခြင်း။

• **လုပ်ဆောင်ချက်။** အများပြည်သူသို့ ကနဦးရှယ်ယာရောင်းချခြင်းမတိုင်မီ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခြင်း၊ အလားအလာညွှန်းတမ်း ပြင်ဆင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူများအား ဈေးကွက်ရှာဖွေခြင်း၊ ရှယ်ယာအသစ်များအား ဈေးနှုန်းသတ်မှတ်ခြင်း နှင့် အများပြည်သူသို့ ရှယ်ယာရောင်းချပေးခြင်း။

### ဘဏ္ဍာရေးဆိုင်ရာအကြံပေးခြင်း

• ကုမ္ပဏီပိုမိုတိုးတက်စေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ အကြံပေး ခြင်းအပြင် အထွေထွေအကြံပေးခြင်းများလည်း ပါဝင်ခြင်း

• **ဥပမာ။** ရောင်းရငွေကျပ် ၂၀ ဘီလီယံရှိသော မိသားစုပိုင်ကုမ္ပဏီ တစ်ခုမှ ပြိုင်ဖက်ကုမ္ပဏီများနှင့် ယှဉ်ရန် KBZSC သို့လာရောက်၍ အကြံဉာဏ်တောင်းခံခြင်း။

• **လုပ်ဆောင်ချက်။** ကုမ္ပဏီတွင်း ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ နှင့် အထွေထွေ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းချုပ်မှုအစီရင်ခံစာတင်ပြပေးခြင်း။

### အများပြည်သူသို့ ရှယ်ယာရောင်းချခြင်း

• ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းခြင်းမပြုဘဲ မတည်ငွေ အမြောက်အများ ရရှိစေရန် ရှာဖွေပေးခြင်း

• **ဥပမာ။** စိုက်ပျိုးရေးလုပ်ငန်း ကုမ္ပဏီတစ်ခုမှ ပရောဂျက်အသစ် တစ်ခုအတွက် ရင်းနှီးငွေ မြန်မာကျပ်ငွေ ၅ ဘီလီယံရှာဖွေလိုခြင်း။

• **လုပ်ဆောင်ချက်။** စီးပွားရေးစီမံကိန်းများအား အကြံပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များအား အတူတကွ ပြင်ဆင်ပေးခြင်း၊ အလားအလာညွှန်းတမ်းပြင်ဆင်ခြင်း နှင့် အများပြည်သူသို့ ရှယ်ယာရောင်းချပေးခြင်း။

**အောင်မြင်မှု မှတ်တမ်း**

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အများပြည်သူသို့ MAEX ကုမ္ပဏီ၏ ကနဦးရှယ်ယာများကို ရောင်းချ ပေးခဲ့ရာ မြန်မာကျပ်ငွေ ၆ ဘီလီယံကျော်အား ရှာဖွေပေးနိုင်ခဲ့ပါသည်။

### KBZSC Equity Capital Markets သို့ ဆက်သွယ်ရန်


Mr. Ang Lian Kiat (Co-Head)
lkang@kbzsc.com
+959 445 337 459

Mr. Yap Yeong Keen (Co-Head)
ykyap@kbzsc.com
+929 264 387 931

U Sai Kyaw Htet Oo (VP)
shtetoo@kbzsc.com
+959 4500 26661

U Myint Htay Win (VP)
myinthtay.win@kbzsc.com
+959 430 88 327

# အောင်မြင်သော ရင်းနှီးမြှုပ်နှံမှုအစ KBZSC မှ

## KBZSC နှင့် ရင်းနှီးမြှုပ်နှံမည်ဆိုလျှင် ...

✓ မိမိပိုင်ဆိုင်သည့်ရှယ်ယာများအား နေ့တစ်နေ့၏ မနက် ၁၁ နာရီ matching အတွက် အရောင်းတင်နိုင်ပြီး အရောင်းအောင်မြင်ပါက ရရှိသောငွေ (Trade Balance) ဖြင့် နေ့လယ် ၁ နာရီ matching အတွက် ချက်ချင်းအဝယ်ပြန်တင်နိုင်ခြင်း နှင့် မနက် ၁၁ နာရီတွင် အဝယ်အောင်မြင်ထားသောရှယ်ယာများအား နေ့လယ် ၁နာရီ matching အတွက် ချက်ချင်းအရောင်းပြန်တင်နိုင်ခြင်း

✓အမှာလွှာများ၏ Order Status အား SMS message စနစ်ဖြင့် matching period တိုင်းအတွက် အချိန်နှင့်တစ်ပြေးညီ အကြောင်းပြန်ပေးခြင်း

- ❑ အမှာလွှာအောင်မြင်ခြင်း ➡ Executed
- ❑ အမှာလွှာမအောင်မြင်ခြင်း ➡ Expired

✓ ကြိုတင်အမှာလွှာ (Pre-orders) များအား နေ့စဉ် နေ့လယ် ၂ နာရီ မှ ၄း၃၀ အထိ ဖုန်းဖြင့်သော်လည်းကောင်း လူကိုယ်တိုင်သော်လည်းကောင်း တင်နိုင်ခြင်း

✓ Customer များ၏ ဆန္ဒပေါ်မူတည်၍ ရှယ်ယာအမှာလွှာများအား အများဆုံး ရက်သတ္တပတ်အထိ လက်ခံပေးခြင်း (Good for One Week Orders)

✓ ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများကို လေ့လာသုံးသပ်ထားသည့် Research Report အား အခမဲ့ပေးဝေခြင်း

✓ KBZSC စာရင်းပိုင်ရှင်များအား Investment Advisor များနှင့်အတူ တစ်ဦးခြင်း (သို့) အဖွဲ့လိုက် ရင်းနှီးမြှုပ်နှံမှုအကြံပေး အစီအစဉ်များ အခမဲ့ပေးခြင်း

✓ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုကိုအထောက်အကူဖြစ်စေသည့် Mobile Application နှင့် Internet Trading Platform များကို KBZSC Trading Account ဖွင့်သူတိုင်းအားပေးခြင်း

✓ မန္တလေးမြို့မှ customer များအတွက် KBZ မန္တလေး (ဘဏ်ခွဲ ၃၉) ရဲမွန်တောင်ဘဏ်ခွဲတွင် KBZSC မှ အထူးကိုယ်စားလှယ်များဖြင့် ဝန်ဆောင်မှုပေးခြင်း

- ❑ ဆက်သွယ်ရန် ဖုန်း 09 450 2020 19

### KBZSC Securities Trading Department သို့ ဆက်သွယ်ရန်


**Telephone** : 01 230 7305 ~ 08

**Email** : clientservices@kbzsc.com

**Website** : www.kbzsc.com

**Office Hour** : 9:00 AM ~ 4:30 PM















<u>တာဝန်မှ ကင်းလွတ်ကြောင်းအသိပေးခြင်း (Disclaimer)</u>

The Market Watch Newsletter အား KBZSC မှ အများပြည်သူသို့ အသိပညာပေးရန် ရည်ရွယ်၍ အများပြည်သူတို့ အလွယ်တကူရရှိနိုင်သောအချက်အလက်များနှင့် အခြားမှန်ကန်သောသတင်းအရင်းအမြစ်များအားမှီငြမ်း၍ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤသတင်းလွှာတွင်ဖော်ပြထားသောအချက်အလက်များသည် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့်အချို့သော သတင်းအချက်အလက်/ အကြောင်းအရာများကိုသာဖော်ပြထားသဖြင့် မိမိရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဆိုပါက အရေးပါသောအခြားအချက်အလက်များ ကိုလည်းထည့်သွင်းစဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုင်းတွင် ဆုံးရှုံးနိုင်ခြေများရှိသဖြင့် စတော့ရှယ်ယာဈေးကွက်တွင်ရင်းနှီးမြှုပ်နှံမည်ဆိုပါကမိမိ၏ risk profile နှင့် investment objective များပေါ်မူတည်၍ စဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။ ဤသတင်းလွှာတွင် ပါဝင်သော သတင်းအချက်များကိုအသုံးပြု၍ ဖြစ်ပေါ်လာသောမည်သည့်ရလဒ်အပေါ်မဆို KBZSC မှ တာဝန်မရှိပါ။ ဤ သတင်းလွှာတွင် ပါဝင်သော သတင်းအချက်အလက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း KBZSC ၏ ခွင့်ပြုချက်မရှိဘဲ ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းကို လုံးဝခွင့်မပြုပါ။